4.1 ဤစာချုပ် အတွင်း သတ်မှတ်သော ငှားရမ်းခ သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသသည် အငှားချထားသူ၏ ရက်ပေါင်း (၆၀) ထက် မနည်း ကြိုတင်၍ စာဖြင့် တောင်းဆိုမှု အပေါ် မူတည်လျက်၊ ပေးရန် အချိန် ကျရောက်ပြီးနောက် ရက်ပေါင်း ကိုးဆယ် (၉၀) အထိ ပေးချေပြီးခြင်း မရှိခဲ့လျှင် သော်လည်းကောင်း၊ ဤစာချုပ် အတွင်း ပါရှိပြီး အငှားချထားခြင်းခံရသူဘက်မှ လိုက်နာ ဆောင်ရွက်ရမည့် ကတိကဝတ် တစ်စုံတစ်ရာအား လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့လျှင် သော်လည်းကောင်း၊ ငှားရမ်းဥပစာများ အတွင်းသို့ သို့မဟုတ် ငှားရမ်းဥပစာများ တစ်ခုလုံး အစား ငှားရမ်းဥပစာများ၏ အစိတ်အပိုင်း တစ်ခုခုသို့ အငှားချထားသူ အနေဖြင့် ယင်းနောက်ပိုင်း အချိန်မရွေး ပြန်လည် ဝင်ရောက် သိမ်းပိုက်ရန် ဥပဒေနှင့် တရားဝင် ညီညွတ်စေရမည်။ ထိုသို့ ပြန်လည် ဝင်ရောက် သိမ်းပိုက်သည့် အခါ ဤငှားရမ်းမှုသည် လုံးဝ အဆုံးသတ်စေရမည်။ သို့ရာတွင်၊ ထိုသို့ အဆုံးသတ်ခြင်းသည် ယင်းမတိုင်မီက ဖြစ်ပွားခဲ့သည့် အငှားချထားခြင်းခံရသူဘက်မှ လိုက်နာဆောင်ရွက်ရမည့် ဤစာချုပ်ပါ ကတိကဝတ်များအား ဖောက်ဖျက်ခြင်း တစ်စုံတစ်ရာဖြင့် စပ်လျဉ်း၍ အငှားချထားသူဘက်မှ အရေးယူ ဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ထိခိုက်ပျက်ပြယ်ခြင်း မရှိစေရ။

4.2 ငှားရမ်းဥပစာများ သို့မဟုတ် ယင်း၏ အစိတ်အပိုင်း တစ်စုံတစ်ရာ အနေဖြင့် မီးလောင်ခြင်း၊ မုန်တိုင်းကျခြင်း သို့မဟုတ် အခြား မရှောင်လွှဲနိုင်သည့် အကြောင်းရင်း သို့မဟုတ် ဖန်ဆင်းရှင်၏ လုပ်ရပ်ကြောင့် ပျက်စီးခြင်း၊ ဝင်ရောက်သွားလာနိုင်မှု မရှိခြင်း သို့မဟုတ် လုပ်ငန်းများ အတွက် အသုံးပြုရန် သင့်လျော်မှု မရှိခြင်း ဖြစ်လာခဲ့ပါက၊ ထိုသို့ ဖြစ်သည့် အခါတိုင်း၊ ငှားရမ်းခ အပြည့်အဝသည် သို့မဟုတ် ထိခိုက်ပျက်စီးမှု၏ အတိုင်းအတာ အလျောက် တရားမျှတသည့် ငှားရမ်းခ တစ်စိတ်တစ်ဒေသသည် ယင်းထိခိုက်ပျက်စီးမှုကြောင့် ငှားရမ်းဥပစာများ သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသအား အသုံးပြုရန် မသင့်လျော်သည့် သို့မဟုတ် ငှားရမ်းဥပစာများသို့ ဝင်ရောက်သွားလာခြင်း မပြုနိုင်သည့် ကာလပတ်လုံး ဆိုင်းငံ့လျက် ပေးချေရန် မလိုအပ်ဘဲ ဖြစ်စေရမည်။ ငှားရမ်းဥပစာများ သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသသည် [ခြောက် (၆) လ] ထက် ကျော်လွန်သော ကာလ အထိ ဝင်ရောက် အသုံးပြုရန် မသင့်လျော်ဘဲ ရှိနေခဲ့လျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူထံသို့ အကြောင်းကြားစာ ချအပ်လျက်

ဤငှားရမ်းမှုကို ချက်ချင်း အဆုံးသတ်ခွင့် ရှိစေရမည်။ ထိုသို့ အဆုံးသတ်သော အခါ ကြိုတင်ပေးချေထားသည့် ငှားရမ်းခ မှန်သမျှအား ငှားရမ်းဥပစာများ အငှားချထားခြင်းခံရသူ၏ လက်ဝယ်ရှိနေခဲ့သည့် ကာလ အလိုက်ငှာ အချိုးကျ ခုနှိမ်မှုများ ပြုလုပ်လျက် အငှားချထားခြင်းခံရသူထံ ချက်ချင်း ပြန်လည် ထုတ်ပေးရမည်။

4.3 ဤငှားရမ်းမှု တစ်နည်းနည်းဖြင့် အဆုံးသတ်ချိန်တွင် ငှားရမ်းဥပစာများသည် အငှားချထားသူ၏ သဘောတူခွင့်ပြုချက် မရှိဘဲ အငှားချထားခြင်းခံရသူ၏ လက်ဝယ် ဆက်လက် တည်ရှိနေပါက၊ အငှားချထားခြင်းခံရသူက ငှားရမ်းဥပစာများမှ ဖယ်ရှားပေးရန် ပျက်ကွက်သည့် နှစ်အပြည့်အဝတိုင်း သို့မဟုတ် နှစ်အစိတ်အပိုင်း အတွက် တစ်နှစ်စာ ငှားရမ်းခကို အငှားချထားခြင်းခံရသူက အငှားချထားသူထံ ဆက်လက် ပေးချေရမည်။

5. အငှားချထားသူက ဤစာချုပ်ဖြင့် အောက်ပါ အတိုင်း ဝန်ခံကတိပြုသည် -

5.1 အငှားချထားသူသည် ဤသဘောတူစာချုပ်အား ချုပ်ဆိုရန်နှင့် ယင်းပါ တာဝန်ဝတ္တရားများကို ဖြည့်ဆည်း ဆောင်ရွက်ရန် အခွင့်အာဏာနှင့် စွမ်းရည် ရှိပါသည်။

5.2 ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ဤစာချုပ် အရ ငှားရမ်းမှုအား ထိခိုက်နစ်နာစေနိုင်သည့် တောင်းဆိုမှုများ၊ တရားစွဲဆိုမှုများ၊ တရားစီရင်မှုများ၊ အစိုးရ၏ အရေးယူမှုများနှင့် အခြား အလားတူ ကိစ္စများ ဆောင်ရွက်ဆဲ သော်လည်းကောင်း၊ ဆောင်ရွက်လတ္တံ့ သော်လည်းကောင်း မရှိပါ။ ငှားရမ်းဥပစာများ အပေါ် မည်သည့် ပုဂ္ဂိုလ်ကမျှ တောင်းဆိုခွင့်၊ ရပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် သို့မဟုတ် အခြား အလားတူ အခွင့်အရေး တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း မရှိပါ။ ထို့ပြင်၊ ဤသဘောတူစာချုပ်၏ သက်တမ်းကာလ အတွင်း အငှားချထားသူက တတိယပုဂ္ဂိုလ်အဖွဲ့အစည်း တစ်ရပ်ရပ်သို့ ငှားရမ်းဥပစာများ ဆိုင်ရာ အခွင့်အရေးများ အပ်နှင်းမည် မဟုတ်ပါ။ ထို့မှတစ်ပါးလည်း

5.3 ဤသဘောတူစာချုပ်သည် အငှားချထားသူ အပေါ် တရားဝင် သက်ရောက်မှုရှိသော စည်းနှောင်မှု ဖြစ်ကာ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ဥပဒေများ အရ အတည်ပြု ဆောင်ရွက်နိုင်ပါသည်။

6. ငှားရမ်းဥပစာများအား အစိုးရက မပေးမနေရ သိမ်းပိုက်ခြင်းကြောင့် ဖြစ်စေ၊ သို့တည်းမဟုတ် ငှားရမ်းဥပစာများ အပေါ် အငှားချထားသူ၏ သို့မဟုတ် အငှားချထားခြင်းခံရသူ၏ အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးခြင်းကြောင့် ဖြစ်စေ၊ အငှားချထားခြင်းခံရသူမှ ငှားရမ်းဥပစာများအား အသုံးပြုမှုကို သက်ဆိုင်ရာ အာဏာပိုင်များက ခွင့်မပြုခြင်းကြောင့် ငှားရမ်းဥပစာများအား အငှားချထားခြင်းခံရသူက အသုံး မပြုနိုင်လျှင်၊ အငှားချထားခြင်းခံရသူက အငှားချထားသူထံ သုံး (၃) လ ကြိုတင်၍ နို့တစ်စာ ပေးကာ ဤငှားရမ်းမှုကို အဆုံးသတ်နိုင်သည်။ ထိုအခါ စာချုပ်အပိုဒ်-၈ အကျိုးဝင် သက်ရောက်မည် ဖြစ်သည်။ မပေးမနေရ သိမ်းပိုက်ခြင်းကြောင့် ဖြစ်လျှင် အငှားချထားသူသည် အစိုးရထံမှ ရရှိသော လျော်ကြေး အားလုံးကို အငှားချထားခြင်းခံရသူသို့ ပေးရန် တာဝန် ရှိစေရမည်။

7. အောက်ပါ အခြေအနေ တစ်ရပ်ရပ်တွင် အငှားချထားခြင်းခံရသူသည် အငှားချထားသူထံ အကြောင်းကြားစာ ချအပ်လျက် ဤငှားရမ်းမှုအား အဆုံးသတ်ခွင့် ရှိစေရမည့် အပြင်၊ ထိုသို့ အဆုံးသတ်သော အခါ ကြိုတင် ပေးချေထားသည့် ငှားရမ်းခ မှန်သမျှအား ငှားရမ်းဥပစာများ အငှားချထားခြင်းခံရသူ၏ လက်ဝယ် ရှိနေခဲ့သည့် ကာလ အလိုက်ငှာ အချိုးကျ ခုနှိမ်မှုများ ပြုလုပ်လျက် အငှားချထားခြင်းခံရသူထံ ချက်ချင်း ပြန်လည် ထုတ်ပေးရမည်။-

a. အငှားချထားသူသည် ဤအငှားစာချုပ်ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား လိုက်နာဆောင်ရွက်မှု မရှိခြင်း၊

b. အငှားချထားသူသည် ၎င်း၏ ပြန်လည် ပေးဆပ်ရန် အချိန် စေ့ရောက်လာသည့် ကြွေးမြီများကို ယေဘုယျအားဖြင့် မပေးဆပ်နိုင်တော့ သို့မဟုတ် ယင်းသို့ ဖြစ်ကြောင်း ဝန်ခံသည့် အတွက် ဖြစ်စေ၊ ၎င်း၏ ကြွေးမြီ အားလုံး သို့မဟုတ် တစ်မျိုးတစ်စား အတွက် ပေးချေမှုများကို ဆိုင်းငံ့လျှင် ဖြစ်စေ၊ အမှန်တကယ် ဖြစ်ပေါ်နေသော သို့မဟုတ် ဖြစ်ပေါ်လိမ့်မည်ဟု မျှော်လင့်ရသော ငွေရေးကြေးရေး အခက်အခဲများအား အကြောင်းပြုလျက် ၎င်း၏ ပေးရန်တာဝန် တစ်စုံတစ်ရာကို အချိန် ရွှေ့ဆိုင်းရန် သို့မဟုတ် အတိုးအလျှော့ ပြုရန် သို့မဟုတ် ဆိုင်းငံ့ရန် ရည်ရွယ်ချက်ဖြင့် ၎င်း၏ မြီရှင် အတန်းအစား တစ်မျိုး သို့မဟုတ် တစ်မျိုးထက် မကတို့နှင့် ဆွေးနွေးညှိနှိုင်းမှုများ စတင်ခြင်း၊

c. အငှားချထားသူအား ဖျက်သိမ်းရေး အတွက် ကုမ္ပဏီအဖွဲ့အစည်းပိုင်း ဆိုင်ရာ သို့မဟုတ် ဥပဒေပိုင်း ဆိုင်ရာ အရေးယူမှု တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း သို့မဟုတ် ဦးတိုက်လျှောက်ထားမှု ခံရခြင်း၊

d. အငှားချထားသူ၏ ရရန်ပိုင်ခွင့် အားလုံး သို့မဟုတ် အရေးကြီးသည့် အစိတ်အပိုင်း အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းသူ၊ တရားရုံးခန့် စီမံအုပ်ချုပ်သူ၊ ပစ္စည်းထိန်း သို့မဟုတ် အခြား အလားတူ အရာရှိ တစ်ဦး ခန့်ထားမှု ခံရခြင်း၊

e. တရားရုံး၊ ခုံရုံး သို့မဟုတ် ဌာနတစ်ခုခု၏ ရှေ့မှောက်၌ အငှားချထားသူ အပေါ် တရားစွဲဆိုမှု သို့မဟုတ် အနုညာတ စီရင်ဆုံးဖြတ်မှု သို့မဟုတ် စီမံအုပ်ချုပ်ရေး နည်းလမ်း အရ အရေးယူမှု သို့မဟုတ် စုံစမ်းစစ်ဆေးမှု တစ်စုံတစ်ရာ စတင် ဆောင်ရွက်ခြင်း၊

f. အငှားချထားသူ၏ အစုရှယ်ယာများ ခွဲဝေပိုင်ဆိုင်မှု အချိုးအစားများ သို့မဟုတ် အစုရှင်များ သို့မဟုတ် ဒါရိုက်တာများတွင် အပြောင်းအလဲ ရှိခြင်း၊

g. အငှားချထားသူ၏ ဤအငှားစာချုပ် အရ ဝတ္တရား တစ်စုံတစ်ရာအား အငှားချထားသူက ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ဥပဒေနှင့် မညီညွတ်တော့ခြင်း

8. စာချုပ်အပိုဒ်-4.2 အရ မှ အငှားချထားသူက အဆုံးသတ်မှုမှ လွဲ၍ ငှားရမ်းမှုသက်တမ်း မကုန်ဆုံးမီ အကြောင်းကြောင်းကြောင့် ဤငှားရမ်းမှုအား အဆုံးသတ်ခဲ့လျှင် - ငှားရမ်းဥပစာများ၏ တရားမျှတသည့် ပေါက်ဈေးနှင့် ညီမျှသော လျော်ကြေး "Compensation" ကို အငှားချထားခြင်းခံရသူထံသို့ ပေးချေရန် အငှားချထားသူ အပေါ် တာဝန် ချက်ချင်း ကျရောက်စေရမည်။ သို့သော် ငှားရမ်းဥပစာများကို

တရားမျှတသည့် ပေါက်ဈေးထက် ပိုမိုသည့် ဈေးနှုန်းဖြင့် ရောင်းချခဲ့လျှင် အဆိုပါ လျော်ကြေး ပမာဏသည် အဆိုပါ ရောင်းချမှုမှ အသားတင် ရငွေ Net Proceeds များနှင့် ညီမျှစေရမည်။

ဤစာချုပ် အတွင်း ရည်ညွှန်းသည့် "Net Proceeds" ဆိုသည်မှာ ငှားရမ်းဥပစာများအား ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်း လွှဲပြောင်းခြင်းနှင့် ဆက်စပ်လျက် လွှဲပြောင်းရယူသူ transferree ထံမှ အငှားချထားသူက ရရှိသော ငွေများမှ (ကက) ယင်း လွှဲပြောင်းမှုနှင့် ဆက်စပ်လျက် ကျခံထားရသော သို့မဟုတ် ကျခံရမည့် ကြောင်းကျိုးဆီလျော်သည့် အသုံးစရိတ်၊ ကုန်ကျစရိတ်နှင့် အခကြေးငွေများကို လည်းကောင်း၊ (ခခ) ယင်းလွှဲပြောင်းမှု အရ ပေးဆောင်ရသည့် သို့မဟုတ် ပေးဆောင်ရမည်ဟု ကြောင်းကျိုးဆီလျော်စွာ ခန့်မှန်းရသည့် အခွန်များကို လည်းကောင်း နုတ်ပြီး ဖြစ်သော လက်ကျန်ငွေကို ဆိုသည်။

9. ဤသဘောတူစာချုပ် အရ သို့မဟုတ် ယင်းနှင့် ဆက်စပ်၍ ပြုလုပ်သော နို့တစ်၊ တောင်းဆိုမှုနှင့် အခြား ဆက်သွယ်မှု အားလုံးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ပြုလုပ် ပေးပို့ရမည်။ သက်ဆိုင်ရာ နို့တစ်စာ လက်ခံမည့် စာချုပ်ဝင်၏ လိပ်စာ သို့တည်းမဟုတ် ၎င်းက အခြားဘက် စာချုပ်ဝင်ထံ စာဖြင့် အကြောင်းကြား ပြောင်းလဲထားသည့် လိပ်စာသို့ လူကိုယ်တိုင် သော်လည်းကောင်း၊ ချောပို့ဖြင့် သော်လည်းကောင်း၊ စာပို့ခ ကြိုတင်ပေးပြီး မှတ်ပုံတင် လေယာဉ်စာဖြင့် သော်လည်းကောင်း ပေးပို့လျှင် ဖြစ်စေ၊ သက်ဆိုင်ရာ နို့တစ်စာ လက်ခံမည့် စာချုပ်ဝင်၏ ဖက်စ်နံပါတ်သို့ ဖက်စ်ဖြင့် ပေးပို့လျှင် ဖြစ်စေ လုံလောက်စွာ ချအပ်ပြီး ဖြစ်စေရမည်။

ထိုသို့သော နို့တစ်စာ၊ တောင်းဆိုမှု သို့မဟုတ် အခြား ဆက်သွယ်မှုများ ပြုလုပ်ပေးပို့ရန် လိပ်စာနှင့် ဖက်စ်နံပါတ်တို့မှာ အောက်ပါ အတိုင်း ဖြစ်သည် -

<u>အငှားချထားသူသို့</u>

Southern Myanmar Capital Ltd
FMI Centre, အခန်း-၇၀၈၊ ၇-လွှာ၊
အမှတ်-၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မြန်မာနိုင်ငံ

ဖက်စ်နံပါတ် - [နံပါတ်]

အီးမေးလ် လိပ်စာ - [အီးမေးလ် လိပ်စာ]

<u>အငှားချထားခြင်းခံရသူသို့</u>

SM Mawlamyaine Hotel Ltd ၊

FMI Centre, ၁၀-လွှာနှင့် ၁၁-လွှာ၊
အမှတ်-၃၈၀ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး ၊ မြန်မာနိုင်ငံ

ဖက်စ်နံပါတ် - [နံပါတ်]

အီးမေးလ် လိပ်စာ - [အီးမေးလ် လိပ်စာ]

10. ဤသဘောတူစာချုပ် အတွက် တံဆိပ်ခေါင်းခွန် တစ်စုံတစ်ရာ ရှိခဲ့လျှင်၊ အငှားချထားခြင်းခံရသူက ကျခံရမည်။

11. ဤသဘောတူစာချုပ်ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ဥပဒေများက လွှမ်းမိုးစေရမည် ဖြစ်ပြီး၊ ယင်းတို့နှင့် အညီ အဓိပ္ပာယ် ဖွင့်ဆိုရမည်။ ဤစာချုပ်ပါ စာပိုဒ်၊ ကိစ္စ သို့မဟုတ် အကြောင်း အရာ တစ်စုံတစ်ခု၊ သို့တည်းမဟုတ် ယင်း၏ တည်ဆောက်ပုံ သို့မဟုတ် အလုပ်လုပ်ပုံဖြင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤငှားရမ်းမှု အရ သို့မဟုတ် ယင်းဖြင့် တစ်နည်းနည်း ဆက်စပ်လျက် ရှိသော စာချုပ်ဝင် တစ်ဘက်ဘက်၏ အခွင့်အရေး၊ ဝတ္တရား သို့မဟုတ် ပေးရန်တာဝန်တို့ဖြင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူ အကြား အငြင်းပွားမှု သို့မဟုတ် သဘောကွဲလွဲမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက၊ စင်ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အနုညာတ ဗဟိုဌာန (Singapore International Arbitration Centre) သို့ လွှဲပြောင်းကာ၊ ယင်း၏ အခါအားလျော်စွာ အတည်ဖြစ် သက်ရောက်လျက် ရှိသော အနုညာတ စည်းမျဉ်းများ ("SIAC Rules") နှင့် အညီ အနုညာတနည်းဖြင့် အပြီးအပြတ် ဆုံးဖြတ် ဖြေရှင်းရမည် ဖြစ်သည်။ ဤစာပိုဒ် အတွင်း ရည်ညွှန်းခြင်း အားဖြင့် အဆိုပါ စည်းမျဉ်းများကို ထည့်သွင်းထားသည်ဟု မှတ်ယူရမည်။ အနုညာတခုံရုံးတွင် SIAC ၏ ဥက္ကဋ္ဌက ရွေးချယ်သတ်မှတ်ပေးသည့် ခုံသမာဓိ တစ်ဦးသာ ပါရှိစေရမည်။ အနုညာတစီရင်ခြင်းကို အင်္ဂလိပ်ဘာသာစကားဖြင့် ဆောင်ရွက်စေရမည်။ ခုံသမာဓိ၏ အနုညာတဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ကာ၊ စာချုပ်ဝင် နှစ်ဘက်လုံး အပေါ် စည်းနှောင်မှု ရှိစေရမည်။

အကယ်၍ စာချုပ်ဝင် တစ်ဘက်ဘက်က စီရင်ပိုင်ခွင့် အာဏာရှိ တရားရုံး တစ်ရပ်ရပ်၏ တရားရုံးအမိန့်ဖြင့် ကြားဖြတ်/ယာယီ သက်သာခွင့် ရယူခံစားရန် ဆုံးဖြတ်ရွေးချယ်ခဲ့ပါက၊ အဆိုပါ စာချုပ်ဝင်ဘက် အပေါ် ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များ စည်းနှောင်မှု မရှိစေရ။

12. မည်သည့် နေရာတွင် ရည်ညွှန်းထားစေကာမူ အချိန်သည် အဓိကကျစေရမည်။

13. ဇယားများကို ဤသဘောတူစာချုပ်၏ နုတ်ပယ်၍ မရသော အစိတ်အပိုင်းများ အဖြစ် မှတ်ယူ ဖွင့်ဆို ဖတ်ရှုစေရမည်။

14. ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့စေရေး အလို့ငှာ ဤသဘောတူစာချုပ်ကို အခြား ဘာသာစကား တစ်ရပ်ရပ်ဖြင့် ပေးအပ်နိုင်သည်။ ထိုသို့ အခြား ဘာသာစကား တစ်ရပ်ရပ်ဖြင့် ပေးအပ်စေကာမူ၊ ယင်းကြောင့် ဆန့်ကျင်ကွဲလွဲမှု သို့မဟုတ် အဓိပ္ပာယ် မထင်ရှားမှု တစ်စုံတစ်ရာ

ပေါ်ပေါက်ခဲ့ပါက၊ အင်္ဂလိပ်ဘာသာစကားဖြင့် မူ နှင့်/သို့မဟုတ် အဓိပ္ပာယ် ဖွင့်ဆိုချက်ကသာ လွှမ်းမိုးသက်ရောက်စေရမည် ဖြစ်ကြောင်း နားလည်သဘောပေါက်ကြသည်။

15. ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ အာဏာပိုင်များ၏ အတည်ပြုချက် အပေါ် မူတည်လျက် ဤသဘောတူစာချုပ်ကို စာချုပ်ဝင် နှစ်ဦးနှစ်ဘက်တို့က စာဖြင့် ရေးသား ပြင်ဆင်ခြင်းဖြင့်သာ ပြောင်းလဲ ဖြည့်စွက် နုတ်ပယ်နိုင်သည်။

16. ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို တရား မဝင်ကြောင်း၊ ဥပဒေနှင့် မညီကြောင်း သို့မဟုတ် အတည်ပြု ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တရားရုံး သို့မဟုတ် အနုညာတခုံရုံး တစ်ရပ်ရပ်က ကြေညာခဲ့လျှင်၊ ယင်း တရား မဝင်မှု၊ ဥပဒေနှင့် မညီမှု သို့မဟုတ် အတည်ပြု ဆောင်ရွက်နိုင်ခြင်း မရှိမှုသည် ဤသဘောတူစာချုပ်ပါ ကြွင်းကျန်သော ပြဋ္ဌာန်းချက်များကို မထိခိုက် မပျက်ပြယ်စေရ။ ယင်း တရား မဝင်မှု၊ ဥပဒေနှင့် မညီမှု သို့မဟုတ် အတည်ပြု မဆောင်ရွက်နိုင်မှု ရှိစေကာမူ၊ ဤသဘောတူစာချုပ်ပါ ကြွင်းကျန်သော ပြဋ္ဌာန်းချက်များသည် ဆက်လက်၍ အပြည့်အဝ အတည်ဖြစ် သက်ရောက်မှု ရှိစေရမည်။

17. ဤသဘောတူစာချုပ်ကို မူရင်းခွဲ (counterparts) အရေအတွက် မည်မျှဖြင့် ဖြစ်စေ စာချုပ်ဝင်များက အတည်ပြု လက်မှတ် ရေးထိုးနိုင်ပြီး၊ စာချုပ်ဝင်များက သီးခြား မူရင်းခွဲများတွင်လည်း အတည်ပြု လက်မှတ် ရေးထိုးနိုင်သည်။ ထို မူရင်းခွဲတိုင်းသည် မူရင်း တစ်ခုစီ ဖြစ်သော်လည်း၊ ထို မူရင်းခွဲ အားလုံးကို စုပေါင်းလိုက်လျှင် ဤသဘောတူစာချုပ် တစ်ခုတည်းသာ ရရှိစေရမည်။ ဤသဘောတူစာချုပ်သည် စာချုပ်ဝင်တိုင်းက မူရင်းခွဲ အနည်းဆုံး တစ်ခုကို အတည်ပြု လက်မှတ် ရေးထိုး မပြီးမချင်း စတင် အတည်ဖြစ် သက်ရောက်မှု မရှိစေရ။

18. ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ အပြည့်အဝ သက်ရောက်မှု ရှိစေရေး အတွက် နောက်ထပ် လိုအပ်သမျှသော ကိစ္စများနှင့် စာချုပ်စာတမ်းများကို ဆောင်ရွက် ချုပ်ဆိုရန် စာချုပ်ဝင် အသီးသီးက ဤစာချုပ်အား လက်မှတ် ရေးထိုးသောအားဖြင့် အခြားဘက် စာချုပ်ဝင် အသီးသီးသို့ ဝန်ခံကတိပြုသည်။

19. ဤသဘောတူစာချုပ်သည် အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့၏ အသီးသီးသော အမွေဆက်ခံသူများ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ၊ ပိုင်ဆိုင်မှုခေါင်းစဉ် ဆက်ခံသူများနှင့် လွှဲအပ်ခြင်းခံရသူများ အပေါ် စည်းနှောင်မှု ရှိစေရမည်။

<လက်မှတ်ထိုးရန် စာမျက်နှာနှင့် ဇယားများ ဆက်လက်ပါရှိသည်>

သက်သေထင်ရှားစိမ့်သောငှာ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့က ဤစာချုပ် အတွင်း အထက်တွင် သတ်မှတ်ဖော်ပြသည့် နှစ်၊ နေ့ရက်၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

အငှားချထားသူ၏ လက်မှတ်)

[အမည်] က)

)

ဖော်ပြပါ သက်သေရှေ့မှောက်တွင်)

လက်မှတ်ရေးထိုးသည်။)

အငှားချထားခြင်းခံရသူ အတွက် ၎င်း၏ ကိုယ်စား)

[အမည်] က)

)

ဖော်ပြပါ သက်သေရှေ့မှောက်တွင်)

လက်မှတ်ရေးထိုးသည်။)

(ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းများ အဖြစ် မှတ်ယူ ဖတ်ရှုရမည့်)

ဇယားများ

ဇယား A **ငှားရမ်းဥပစာများ၏ အကြောင်းအရာ**

<u>လိပ်စာ</u>

ဦးပိုင်အမှတ် ၂၆၁/င၊ ၂၆၁/ဈ၊ ၃၀၃/ခ (အေ)
ကွင်းအမှတ် ၅၈/ပန်းပဲတန်း
ပန်းပဲတန်း ရပ်ကွက်၊ မော်လမြိုင် မြို့ မော်လမြိုင် ခရိုင်၊ မွန် ပြည်နယ်။

<u>မြေအကျယ်အဝန်း</u>

၀.၄၂၄ ဧက

<u>အဆောက်အဦး၊ အထောက်အပံ့ အဆောက်အအုံများနှင့် တပ်ဆင်ပစ္စည်း အမျိုးမျိုး</u>

<u>သတ်မှတ်ချက်/အခြေအနေ</u>

<u>မြေပုံ</u>

[မြေပုံ ထည့်သွင်းရန်]

ဇယား B **ငှားရမ်းမှု သက်တမ်း**

[စတင်သည့်ရက်စွဲ] တွင် စတင်လျက် နှစ်ပေါင်း ငါးဆယ် (၅၀) နှစ်

ဇယား C **သက်တမ်းတိုးရန် ရွေးချယ်ခွင့်**

ငှားရမ်းမှု သက်တမ်း နှစ်ပေါင်း-၅၀ ကို (ယခု စာချုပ်ပါ စည်းကမ်း သတ်မှတ်ချက်များနှင့် တူညီသော စည်းကမ်း သတ်မှတ်ချက်များဖြင့်) တစ်ကြိမ်လျှင် တစ်ဆယ်နှစ်စီ ဆက်တိုက် နှစ်ကြိမ် အထိ သက်တမ်းတိုးခွင့် ရှိစေရမည်။ သို့ရာတွင် ထိုသို့ သက်တမ်းတိုးလိုကြောင်းကို လက်ရှိ သက်တမ်း မကုန်ဆုံးမီ အငှားချထားခြင်းခံရသူက အငှားချထားသူထံ စာဖြင့် အကြောင်းကြားရမည်။

ဇယား D **ငှားရမ်းခ**

တစ်နှစ်လျှင် USD15,000 နှုန်းဖြင့် ငှားရမ်းခကို နှစ်စဉ် တစ်နှစ်စာ ကြိုတင် ပေးချေရမည် ။

ဇယား F **ငှားရမ်းဥပစာများအား အသုံးချမည့် နည်းလမ်း**

ဟိုတယ်၊ စားတော်ဆက် (restaurant)၊ အပန်းဖြေနားနေစခန်း (spa)၊ အထူး အရောင်းဆိုင် (boutique)၊ ညှော်ခံပွဲ (receptions) နှင့် အခမ်းအနားများ (events)

မြေအရောင်းအဝယ်စာချုပ်ကြီး

ဦးနေဝင်း

နှင့်

Southern Myanmar Capital Ltd.

နေ့စွဲ –



မြေအရောင်းအဝယ်စာချုပ်ကြီး


ဤမြေအရောင်းအဝယ် ကတိစာချုပ်ကို ၁၀.၃.၂၀၁၇ နေ့တွင် မော်လမြိုင်မြို့၌ အောက်အမည်ပါသူတို့သည် ဤမြေကွက်အား သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

[illegible]ဝင်း **<u>အပိုင်ရောင်းချသူ</u>**
[illegible]/မလမ(နိုင်)၁၀၆၇၅၄
အမှတ်(၅၇) တိုးချဲ့ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊
မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

အောက်အမည်ပါ အပိုင်ရောင်းချသူဟုဆိုရာ၌ အဆိုပါအပိုင်ရောင်းချသူအပါအဝင် ၎င်းတို့၏ အမွေစားအမွေခံများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် လွှဲအပ်ခြင်းခံရသူများအားလုံးပါဝင်သည်ဟု မှတ်ယူရမည်။

Southern Myanmar Capital Ltd. **<u>အပိုင်ဝယ်ယူသူ</u>**
Company Registration No. ၄၅၀၉/၂၀၁၆-၂၀၁၇
အမှတ် (၃၈၀)၊ FMI စင်တာ၊ ၇ လွှာ၊ အခန်း(၇၀၈)၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အောက်အမည်ပါ အပိုင်ဝယ်ယူသူဟုဆိုရာ၌ အဆိုပါအပိုင်ဝယ်ယူသူအပါအဝင် ၎င်းတို့၏ အမွေစားအမွေခံများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် လွှဲအပ်ခြင်းခံရသူများအားလုံးပါဝင်သည်ဟု မှတ်ယူရမည်။




အထက်အမည်ပါ အပိုင်ရောင်းချသူက အောက်စာရင်းပါမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အခြားနည်းလွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ ခွန်လက်လျှောက်ထားခြင်း၊ အာမခံထားရှိခြင်းများမရှိဘဲ ထိုမြေကွက်သည် အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိကြောင်း ခွက်ဟာဝန်ခံပါသည်၊

ဤသဘောတူစာချုပ်ကို အထောက်အထားပြု၍ အထက်အမည်ပါ အပိုင်ဝယ်ယူသူက ရောင်းချသော တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀/- (ကျပ်သိန်းခြောက်ရာတိတိ) ကို ဤနေ့တွင်ပင် လက်ရောက်ပေးအပ်ရာ အပိုင်ရောင်းချသူမှလည်း ကောင်းမွန်စွာ လက်ခံရရှိကြောင်း ဝန်ခံ၍ ရောင်းချပါမြေကွက်နှင့်စည်းဇယားပါ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယနေ့တွင်ပင် ဝယ်ယူသူသို့ လက်ရောက်ပေးအပ်ရာ ဝယ်ယူသူမှ လက်ခံရရှိသည်၊

အထက်အမည်ပါ အပိုင်ရောင်းချသူက အပိုင်ဝယ်ယူသူနှင့် သဘောတူကတိပြုကြသည်မှာ အပိုင်ရောင်းချသူမှနေဖြင့်ယင်းမြေကွက်များကို အပိုင်ဝယ်ယူသူထံသို့ လွှဲပြောင်းပေးပိုင်ခွင့် ရှိသည့်အတိုင်း သက်ဆိုင်ရာ မြေစာရင်းရုံးတွင် မှတ်ပုံတင်စာချုပ်များ ချုပ်ဆိုလွှဲပြောင်း ပေးမည်ဖြစ်ပြီး ယနေ့တွင်ပင် ဝယ်ယူသူက ရောင်းဘိုးကျန်ငွေအားလုံးကို အပြေအကြေ ပေးအပ်ပြီး ဤနေ့တွင်ပင် မှတ်ပုံတင်စာချုပ်ကို လွှဲအပ်ပါသည်။

အပိုင်ရောင်းချသူက ကိုယ်ဦးချင်းအနေဖြင့် တာဝန်ယူရမည်မှာ ယင်းမြေကွက် သို့မဟုတ် ယင်းမြေကွက်၏ အစိတ်တစ်ခေသအပေါ်တွင် တစ်စုံတစ်ဦးအနေဖြင့် မြေယာပိုင်ဆိုင်ခွင့် နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ထိခိုက်မှုရှိလာပါက ထိုပိုင်ဆိုင်မှုအရပ်ရပ်နှင့်စပ်လျဉ်း၍ အပိုင်ဝယ်ယူသူ၏ ကျိုးငှာ အပိုင်ဝယ်ယူသူ၏မေတ္တာရပ်ခံချက်အရ အပိုင်ရောင်းချသူများ



၏စရိတ်ဖြင့်လိုအပ်သော အထောက်အထားစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုး ပြုလုပ်ပေးခြင်း သို့မဟုတ် လက်မှတ်ရေးထိုးရန် ပေါ်ပေါက်လာပါက ရေးထိုးပေးပါမည်။

ထို့အပြင် အထက်အမည်ပါ အပိုင်ရောင်းချသူက ထုတ်ဖော်ဝန်ခံသည်မှာ ယခုမိမိရောင်းချ လိုက်သော အောက်စာရင်းပါ မြေကွက်များနှင့်၊ မြေများပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ နောက်နောင်အခြားသူ တစ်ဦးတစ်ယောက်ထံမှ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အထက်အမည်ပါအပိုင်ရောင်းချသူက မိမိစရိတ်ဖြင့် ပြီးဆုံး ပြေလည်သည့်တိုင်အောင် လိုက်လံထုချေ ရှင်းလင်းပေးပါမည်။ အကယ်၍ ယင်းကဲ့သို့ လိုက်လံထုချေရှင်းလင်းပေးပါလျက် မပြီးပြတ်ဘဲ အပိုင်ဝယ်ယူသူ၌ ပစ္စည်းလက်လွတ် နစ်နာဆုံးရှုံးခဲ့ပါလျှင် ယင်းသို့ နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ် စရိတ်ကြေးငွေများနှင့်တကွ ယခုရောင်းချသော အောက်စာရင်းပါပစ္စည်းများ၏ တန်ဖိုးငွေ၏နှစ်ဆကိုတပါတည်း ပြန်လည်ပေးလျော်ပါမည်ဟု အပိုင်ရောင်းချသူက ဝန်ခံကတိပြုပါသည်။

တစ်ဖန် အောက်စာရင်းပါမြေကွက်နှင့်တကွ အခွင့်အရေးအရပ်ရပ်တို့နှင့်ပတ်သက်၍ ပေးဆောင် ရန်ရှိသောအရပ်ရပ်သောအခွန်အခများကို ဤစာချုပ်ချုပ်ဆိုသည့်နေ့အထိ ကြွေးကျန်မရှိစေဘဲ အပြေအကျေပေးချေရန် အပိုင်ရောင်းချသူက တာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အထက်အမည်ပါ အပိုင်ရောင်းချသူက အပိုင်ဝယ်ယူသူသို့ သဘောတူကတိပြု၍ အောက်ပါအချက်များကို ဝန်ခံကတိပြုသည်မှာ–

(က) အပိုင်ရောင်းချသူက မိမိ(သို့မဟုတ်)မိမိကိုယ်စား လက်မှတ်ရေးထိုးထားသော ဤစာချုပ်နှင့် ဆက်စပ်နေသည့် သဘောတူညီချက်တစ်ရပ်ရပ် သို့မဟုတ်




စာရွက်စာတမ်းများကို တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ မြွက်ဟကြေညာခြင်း၊ အပြည့်အဝ ဆောင်ရွက်ပေးခြင်း ပြုလုပ်နိုင်သည့်အခွင့်အာဏာရှိကြောင်း–

(ခ) ဤစာချုပ် သို့မဟုတ် ဤစာချုပ်နှင့်ဆက်စပ်ပတ်၍ လက်မှတ်ရေးထိုးထားသော အခြားသော သဘောတူညီချက်တစ်စုံတစ်ရာ သို့မဟုတ် စာချုပ်စာတမ်းများသည် အပိုင်ရောင်းချသူများအပေါ် တရားဝင်ခိုင်မာမှုရှိကြောင်း–

(ဂ) ဤစာချုပ်ကို မြွက်ဟချုပ်ဆိုခြင်းနှင့် ဤစာချုပ်ပါ စည်းမျဉ်းစည်းကမ်းတို့သည်

(ကက) အပိုင်ရောင်းချသူအား သို့မဟုတ် ၎င်းတို့အနက်တစ်ဦးဦးအပေါ် အကျိုးသက်ရောက်စေသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၊ စတက်ကျူ၊ ဒီကရီ၊ အမိန့် သို့မဟုတ် အပိုင်ရောင်းချသူများအပေါ် ကျရောက်သောအခွင့်အမိန့် တစ်စုံတစ်ရာ သည် အပိုင်ရောင်းချသူမှ အခြားသူများနှင့်ချုပ်ဆိုထားသော သဘောတူညီချက် များနှင့် မဆန့်ကျင်စေရ –

(ခခ) အပိုင်ရောင်းချသူများ သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးက အဖွဲ့ဝင်အဖြစ် ပါဝင်သော သို့မဟုတ် ခံဝန်ချုပ်ဆိုထားသော ဤစာချုပ်နှင့် ဆက်နွှယ်သည့် သို့မဟုတ် ဤအရောင်းအဝယ်ဖြင့် ဆက်နွှယ်သည့် သဘောတူညီချက်၊ သို့မဟုတ် စာချုပ်စာတမ်းများ၏ သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်၊ သဘောတူညီချက်များ၊ စည်းမျဉ်းများ သို့မဟုတ် ပြဋ္ဌာန်းချက်များ (ကြိုတင်အကြောင်းကြားထားခြင်းဖြင့် သော်လည်းကောင်း၊ အကြောင်းမကြားဘဲနှင့် သော်လည်းကောင်း) သည် ဤစာချုပ်ပါ စကားရပ်များနှင့် ဆန့်ကျင်မှုမရှိစေရ။




(ဆ) အပိုင်ရောင်းချသူနှင့်ပတ်သက်၍ သို့မဟုတ် မြေကွက်နှင့်ပတ်သက်၍ တရားစွဲဆိုခံထားရခြင်း၊ အနုညတခုံရုံးဆုံးဖြတ်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အမှုဖွင့်ထားခြင်း၊ သို့မဟုတ် တောင်းဆိုထားခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေခြင်း၊ တားဆီးထား ခြင်း မရှိပါကြောင်း–

(ဇ) အပိုင်ရောင်းချသူသည် မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်တစ်ဦးတည်းပိုင်ဆိုင်သူဖြစ်ပြီး၊ အပိုင်ရောင်းချသူမှ မည်သူတစ်ဦးတစ်ယောက်၏ သဘောတူညီချက်၊ ကင်းလွတ်ချက် ရယူရန်မလိုဘဲ (ကော်ပိုရေးရှင်း၊ အစုအစပ်လုပ်ငန်း၊ အစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များ သို့မဟုတ် အခြားသောသူများ) ဤစာချုပ်အရ ဤမြေကွက်များကို အပိုင်ဝယ်ယူသူသို့ ရောင်းချနိုင်ကြောင်း–

အပိုင်ဝယ်ယူသူများကလည်း မည်သည့်အဖြစ်အပျက်အခြေအနေကြောင့်ဖြစ်စေ သို့မဟုတ် အချက်အလက်များတွင်မဆို ဤစာချုပ်ပါအာမခံချက် တစ်စုံတစ်ရာမျှ မပျက်ပြယ် ရကြောင်း နှင့် အထက်ပါအာမခံချက်များအတည်ဖြစ်ကြောင်း အသိအမှတ်ပြုလက်ခံပါသည်။

မြေကွက်များရောင်းချခြင်းနှင့်ပတ်သက်၍ အပိုင်ဝယ်ယူသူ၏အကျိုးစီးပွားကိုဆန့်ကျင်ပြီး ဖြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း၊ မတရားတောင်းဆိုမှုများပြုလုပ်ခြင်း၊ နစ်နာစေခြင်း၊ ခြိမ်းခြောက်ခြင်းတစ်စုံတစ်ရာ စသည်တို့ ပေါ်ပေါက်လာပါက အပိုင်ရောင်းချသူက အပိုင်ဝယ်ယူသူအပေါ် ခြွင်းချက်မရှိ တာဝန်ကင်းလွတ်စေရန် ဝန်ခံကတိပြုပါသည်။



(က) အပိုင်ရောင်းချသူမှ အပိုင်ဝယ်ယူသူ၏ အမည်သို့ ယခုရောင်းချသောပစ္စည်းများ နှင့် ပတ်သတ်၍ တရားဝင်အမည်ပြောင်းလဲနိုင်ရန်အတွက် လိုအပ်သော မှတ်ပုံတင်စာချုပ်ကို သက်ဆိုင်ရာမြို့နယ်ရုံး၌ ဆက်လက်၍ ချုပ်ဆိုလုပ်ကိုင်ပေးခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ရုံးလုပ်ငန်းများတွင် ကူညီဆောင်ရွက် လုပ်ကိုင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ခ) ဤရောင်းချမှုနှင့်ပတ်သက်၍ အရှုတ်အရှင်းတစ်စုံတစ်ရာဖြစ်ခဲ့သော် ရောင်းချသူမှ မိမိစရိတ်ဖြင့် ကြေလည်အောင် ဆောင်ရွက်ပေးရန်နှင့် အကယ်၍ ဤရောင်းချမှုအပေါ် အရှုတ်အရှင်းတစ်စုံတစ်ရာကြောင့် ဝယ်ယူသူမှ လက်လွတ်ဆုံးရှုံးမှုဖြစ်ခဲ့ရသော် ရောင်းချသူမှ ကာလဈေးဖြင့် ပေးလျော်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။ ထို့အတူ သတ်မှတ်ရက်များအတွင်း ရောင်းချသူမှ မြေလက်ရောက်မအပ်နိုင်လျှင်သော် လည်းကောင်း၊ ဝယ်ယူသူမှ ရောင်းဘိုးငွေ မပေးနိုင်လျှင်သော်လည်းကောင်း၊ ရောင်းချသူသည် ရောင်းဘိုးငွေ လက်ခံယူထားသည့်အပေါ် နှစ်ဆ(၂)ဆ ပေးလျော်ရန်နှင့် ဝယ်ယူသူက ပျက်ကွက်ပါကလည်း ပေးချေထားသောငွေ အဆုံးခံရန်ဖြစ်သည်။

(ဂ) ဤအရောင်းအဝယ်နှင့် ပတ်သက်သော ရောင်းခွန်၊ ဝယ်ခွန်၊ အခြားအခွန်အခ၊ တရားဝင်ပေးဆောင်ရန်များကို ရောင်းသူနှင့်ဝယ်သူတို့နှစ်ဘက်မှ မိမိတို့နှင့် တိုက်ရိုက် သက်ဆိုင်သည်များကို ဆက်လက်ပေးဆောင်ပါမည်ဟု သဘောတူပါသည်။

၉။ ဥပဒေရေးရာ ပြုလုပ်ဆောင်ရွက်ခြင်းများ

နှစ်ဖက်ပါတီမှ ဤသဘောတူအငှားစာချုပ်နှင့် ပါတ်သက်၍ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်သည်။

[illegible] မြေပုံ

ဤစာချုပ်တွင် အရောင်းအဝယ်ပြုလုပ်သည့် မြေပုံမှ နောက်ဆက်တွဲအဖြစ် ဤစာချုပ်တွင် ပါရှိသည်။

[illegible] သယံဇာတများ

ဤသဘောတူစာချုပ်ပါမြေမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ တွေ့ရှိလျှင် ထိုပစ္စည်းများကို အပိုင်ဝယ်ယူသူက ပိုင်ဆိုင်ရမည့်အပြင် အပိုင်ဝယ်ယူသူသည် သက်ဆိုင်ရာနိုင်ငံတော်အဖွဲ့အစည်းသို့ လွှဲပြောင်းတင်ပြခွင့်ရှိစေရမည်။

[illegible]ပိုင်ရောင်းချသော ပစ္စည်းစာရင်း

[illegible]ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၈) ဟုခေါ်တွင်သော [illegible]ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ကွင်းအမှတ် (၅၈) ပန်းဘဲတန်း၊ မြေအမျိုးအစား [illegible]မြေကွက်များဖြစ်သော မြေငှားအမျိုးအစား မြေကွက်အမှတ် ၃၀၃–ခ (၀.၃၇၈ ဧက)၊ အနက်မှ [illegible]–ခ (အေ) မြေအကျယ် (၀.၂၅၂ ဧက) ဘိုးဘွားပိုင်မြေအမျိုးအစား မြေကွက်အမှတ် ၂၆၁–င (၀.၁၄၂ ဧက) ဘိုးဘွားပိုင်မြေအမျိုးအစား မြေကွက်အမှတ် ၂၆၁–ဈ (၀.၀၃၀ ဧက) ရှိမြေကွက်များနှင့်တကွ [illegible]ဆောက်အဦးများနှင့်တကွ၊ အခြားမြေနှင့်တကွ တွယ်ကပ်ဆက်စပ်လျက်ရှိသော ပစ္စည်းများနှင့် [illegible]အရေးအရပ်ရပ်အားလုံး –

0.५ʃʃ ǝ๓

အထက်ပါ အပိုင်ရောင်းချသူများနှင့် အပိုင်ဝယ်ယူသူများသည် ဤစာချုပ်ကို ၎င်းတို့၏ လွတ်လပ်၍ [illegible]ခြင်းကင်းသော ဆန္ဒအရချုပ်ဆိုကြကြောင်း ဝန်ခံကတိပြုပါသည်။

သက်သေများ

၁။ အမည် ဦးအောင်မြင့်ဦး	(အပိုင်ရောင်းချသူ)
မှတ်ပုံတင် ၁၂/ဗဟန(နိုင်)၀၆၈၀၉၃	ဦးနေဝင်း
နေရပ်လိပ်စာ ၁၀ ၅၃ လမ်း ၁၀ ရပ်ကွက်၊ [illegible] မြို့	၁၂/ဥကမ(နိုင်)၁၀၆၇၅၄
၂။ အမည် ဒေါ်မျိုးပပကျော်	(အပိုင်ဝယ်ယူသူ)
မှတ်ပုံတင် ၁၂/မဂတ(နိုင်)၀၉၈၁၈၇	Southern Myanmar Capital Ltd.
နေရပ်လိပ်စာ အမှတ်(၃၈၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အခန်း 10 နှင့် 11 လွှာ၊ FMI Centre၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။	Registration No. ၄၅၀၉/၂၀၁၆-၂၀၁၇

2d

၉

TRANSLATION OF LEASE

(To be attached to Original)

နှစ်ပေါင်း ၉၀ ထိ အသစ်လဲလှယ်ချုပ်ဆိုခွင့်ရသည့် မြို့မြေအငှါး စာချုပ်ပုံစံ

၁၈၇၉ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းဆိုင်ရာ မြေမှုမှစ၍ အခွန်ရက်ယူလေရှန်ဥပဒေအရ နည်းဥပဒေများအနက် နည်းဥပဒေ ၅၁ က၊

၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံအောက်ပိုင်း မြို့ ရွာရှိ မြေရာအက်ဥပဒေအရ နည်းဥပဒေများအနက် နည်းဥပဒေ ၂၉။

၁၉ ခုနှစ်၊ လ ရက် (၁၃ ခုနှစ် လ ရက်) နေ့၊ အောက်၌ "အငှါးချသူ" ခေါ်တွင်စေမည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် အောက်၌ "အငှါးရသူ" ခေါ်တွင်စေမည့်၊ ရပ်နေ မောင် ၏သား၊ မောင် တို့ ချုပ်ဆိုကြသည့်စာချုပ်။ (အငှါးချသူ ဆိုသည့် စကားမှာ၊ ရှေ့နောက် စကားစဉ်ကိုထောက်၍၊ ကွဲလွဲသည့် အနက်အဓိပ္ပါယ် သမ္ဘန်ရန် မလိုသည့်အခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရနှင့်တကွ၊ ၎င်း၊ရာထူးတွင်ဆက်ခံသူ၊ လွှဲအပ်ခံသူတို့ပါ ဆိုလိုသည် မှတ်ယူရမည်။ အငှါးရသူ ဆိုသည့်စကားမှာ၊ ဆိုခဲ့သည့် မောင် နှင့် တကွ၊ ၎င်း၏အမွေခံအမွေစား သေတမ်းစာအရစီရင်ပိုင်သူ၊ အမွေအုပ်အမွေထိန်း၊ ကိုယ်စားလှယ် လွှဲအပ်ခံရသူတို့ပါ ဆိုလိုသည် မှတ်ယူရမည်။) အောက်တွင် ပြဋ္ဌာန်းသတ်မှတ်ပါရှိသည့် အခွန်ငွေနှင့်တကွ၊ အငှါးရသူ ခံဝန်ချက်များကို ထောက်ထျော်၍ အောက်စာရင်းတွင် သတ်မှတ်ဖေါ်ပြရာပါမြေနှင့်၊ အရပ်ရပ်ဆိုင်ရာ ဆိုင်ခွင့်များမှစ၍ ၎င်းမြေနှင့် စပ်ဆိုင်သည်များကို အငှါးချသူက အငှါးရသူသို့ ပေးအပ်ချထားသည်။ သို့သော်လည်း ဆိုခဲ့သည့်မြေအတွင်း မြေအောက်ရှိ အရပ်ရပ်ဓါတ်သတ္တုတွင်း၊ ဓါတ်ရည်ဓါတ်ခဲ၊ ဓါတ်သတ္တုများ၊ မြေထဲရှိဝတ္ထုအရပ်ရပ်၊ ကျောက်မီးသွေးရေနံ၊ ကျောက်တွင်းစသည်များကို အငှါးချသူမှစ၍၊ ၎င်းထံအငှါးရသူ၊ လိုင်စင်ရသူ ကိုယ်စားလှယ် လုပ်သားများနှင့် ၎င်းအတွက် ဆောင်ရွက်လုပ်ကိုင်သူ အရပ်ရပ်တို့ လွတ်လွတ်တူးဖေါ်ရှာဖွေဆောင်ယူခွင့်နှင့်တကွ၊ ဆိုခဲ့သည့်ဝတ္ထုများကို အငှါးချသူအတွက် ခြွင်းချန်ထားရမည်။ သည်ကဲ့သို့တူးဖေါ်ရှာဖွေဆောင်ယူရာတွင် အနှောင့်အယှက် ဖြစ်သည့်အတွက်ဖြစ်စေ၊ မြေမျက်နှာပြင် ပျက်စီးယိုယွင်းစေသည့်အတွက်ဖြစ်စေ၊ သင့်ရာလျော်ကြေးငွေကိုလည်း အငှါးရသူသို့ ပေးလျော်ရမည်။ လျော်ကြေးငွေမည်မျှ ပေးလျော်သင့်သည် အငြင်းအခုံရှိလျှင် တည်ဆဲ မြေသိမ်း အက်ဥပဒေ ရက်ဂယူလေရှန် ဥပဒေများပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်နိုင်သမျှ ညီညွတ်အောင် ခရိုင်ဝန်က သတ်မှတ်ရမည်။ ဆိုခဲ့သည့်မြေကို ယခုစာချုပ်ချုပ်ဆိုသည့်နေ့ရက်က နှစ်ပေါင်း ၃၀ ထိ အငှါးရသူ လက်ရှိပိုင်ဆိုင်ခွင့်ရစေမည့်ပြင်၊ ‡ ရှေ့ သို့† တစ်ကြိမ်လျှင် နှစ်ပေါင်း ၃၀ ကျ၊ နှစ်ကြိမ် † ဆက်လက်၍ လက်ရှိပိုင်ဆိုင်ခွင့်ရရန် ပြဋ္ဌာန်းလတ္တံ့သည့်အတိုင်း စာချုပ်အသစ် လဲလှယ် ချုပ်ဆိုလိုလျှင်လည်း ချုပ်ဆိုခွင့်ရသည် ‡ ၎င်းမြေအတွက် နှစ်စဉ် ထမ်းဆောင်သင့် အခွန်ငွေ ကို၊ နှစ်စဉ် ဇန်နဝါရီလ ၃ ရက်နေ့တွင် တင်ရင်ထမ်းဆောင် ခံဝန်ချက်များကိုလည်း၊ မြေလက်ရှိဖြစ်သမျှ ကာလအတွင်းတည်စေ၍၊ ၎င်းမြေလက်ရှိ ပိုင်ဆိုင်သူတို့က၊ တည်ဆဲခံဝန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် အငှါးရသူနှင့် အငှါးချသူတို့ သဘောတူ ချုပ်ဆိုကြသည်။

၁။ ။အခွန်ငွေကို ထမ်းဆောင်ရန် အထက်သတ်မှတ်သည့် နည်းလမ်းအတိုင်း သတ်မှတ်သည့် နေ့ရက်များတွင် ထမ်းဆောင်ရမည့်ပြင်၊ ၎င်းမြေတွင်ဖြစ်စေ၊ မြေတွင်ဆောက်လုပ်မည့် အဆောက်အဦများတွင်ဖြစ်စေ၊ ၎င်းမြေနှင့် စပ်လျဉ်း၍ အငှါးရသူအပေါ်တွင်ဖြစ်စေ၊ အငှါးချထားသည့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ကောက်ခံဆဲ ကောက်ခံလတ္တံ့သော အခွန်အတုတ် အကောက်အခံအရပ်ရပ်ကိုလည်း ထမ်းဆောင်ရမည်။

၂။ ။ယခုစာချုပ်ပါနေ့ရက်မှ လ အတွင်း ခရိုင်ဝန်သဘောတူချက် ‡ အမိန့်စာကို တင်ရင်ရရှိမည့် အကျယ်အဝန်း အနိမ့်အမြင့် အတိုင်းအထွာ၊ ဆောက်လုပ်ရန် ဝတ္ထု၊ ကိရိယာများနှင့် အညီ အဆောက်အဦကို စတင်ဆောက်လုပ်၍ စာချုပ်ပါနေ့ရက်မှ လ အတွင်း ပြီးစီးစေရမည့်ပြင်၊ ယခုအငှါးစာချုပ် အတည်ဖြစ်သည့် ကာလအပိုင်းအခြား အတွင်း၊တွင်လည်း ၎င်းအဆောက်အဦများကို ခရိုင်ဝန် သဘောကျ ကောင်းမွန်စွာ ပြုပြင်ထားရမည်။

---

‡-‡ ဒုတိယအကြိမ် စာချုပ်အသစ်လဲလှယ်ရာတွင် "ရှေ့သို့တစ်ကြိမ်လျှင်-ချုပ်ဆိုခွင့်ရသည်" ဆိုသည့် စကားရပ်ကို ချန်လှပ်ရမည်။

†-† ပဉ္စမအကြိမ် စာချုပ်အသစ် လဲလှယ်ရာတွင် "နှစ်ပေါင်း ၃၀-ကျ တစ်ကြိမ်" ဆိုသည့် စကားရပ်ကို အစားထည့်သွင်းရမည်။

‡ သို့မဟုတ်

၂။ ။ယခုစာချုပ်ပါနေ့ရက်မှ လအတွင်း၊ မြေပေါ်တွင် ကောင်းမွန်ခိုင်ခန့်သော တခုကို၊ အဆောက်အဦများဆောက်လုပ်ရာ၌ အသုံးပြုသည့်ဝတ္ထုကိရိယာများ၊ ၎င်းပြင်ဆောက်လုပ်သည့်နည်းလမ်းနှင့်စပ်လျဉ်း၍ မြို့မခပ်ကွက်များကြီးကြပ်အုပ်ချုပ်မှုဆိုင်ရာ အက်ဥပဒေတစုံတရာအရ၊ ယခုတည်ဆဲရှိသည့်၊ သို့မဟုတ် နောင်အခါတွင်အတည်ဖြစ်မည့် နည်းဥပဒေများ၊ ၎င်းပြင် စည်းကမ်းဥပဒေများနှင့်အညီ၊ မိမိလျော်ကန်သွာတွင် ပြေပြစ်ပါသည့်အတိုင်း ဆောက်လုပ်၍၊ နောင်ကိုလည်း ဆိုခဲ့သည့်ကာလ အပိုင်းအခြားအတွင်း အခါခပ်သိမ်း ကောင်းမွန်စွာ ပြုပြင်ထားရမည်။

‡ စည်းကမ်းအချက် ၂–ရပ်အနက် မလိုသော စည်းကမ်းအချက်ကို ခြစ်ဖျက်ရမည်။

၃။ ။၎င်းပြင် မြေရိုယာ၏ ပုံထက် တိုးချဲ့၍ အဆောက်အဦများ မဆောက်လုပ်ရ။

၄။ ။ဆိုခဲ့သည့်အဆောက်အဦများမှ၍၊ ၎င်းမြေတွင် ရှေးအဘို့ဆောက်လုပ်မည့် အဆောက်အဦ အနေအထား ဆောက်လုပ်ပုံနည်းလမ်း၊ ဆောက်လုပ်သည့်ဝတ္ထုကိရိယာများကို ဆိုခဲ့သည့်ခရိုင်ဝန် သဘောတူချက် အမိန့်စာမရလျှင် ပြောင်းလဲပြင်ဆင်ခြင်းမရှိစေရ။ ဆိုခဲ့သည့်အတိုင်း အမိန့်စာမရှိဘဲ၊ ၎င်းမြေတွင် အခြားအဆောက်အဦ တစုံတရာ မဆောက်မလုပ်ရ။

† သို့မဟုတ်

၄။ ။ဆိုခဲ့သည့်ခရိုင်ဝန်၏ သဘောတူချက်အမိန့်စာကို ရှေးဦးစွာမရရှိဘဲ၊ ဆိုခဲ့သည့်မြေပေါ်တွင် အခြားမည်သည့်အဆောက်အဦကိုမျှ ဆောက်လုပ်ခြင်းမပြုရ။

စည်းကမ်းအချက် ၂–ရပ်အနက် မလိုသောစည်းကမ်းအချက်ကို ခြစ်ဖျက်ရမည်။

၅။ ။စာချုပ်ပါကာလအပိုင်းအခြားအတွင်း၊ ၎င်းမြေနှင့် မြေတွင်ဆောက်လုပ်မည့် အဆောက်အဦများကို ရန် ကိစ္စပြင်၊ ငှါးအိမ်၊ သို့မဟုတ် ကူလီအိမ်တန်းလျား တစုံတရာအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ၊ ဆိုခဲ့သည့် ခရိုင်ဝန်သဘောတူချက် အမိန့်စာမရဘဲ အသုံးမပြုရ။

ထပ်မံထည့်သွင်းသည့် ကန့်သတ်ချက်များနှင့် စည်းကမ်းအချက်များကိုဖြစ်စေ၊ တိုးတက်သည့် အခွန်ငွေကိုဖြစ်စေ အဆောက်အထားပြု၍၊ အငှါးရသူက အခန်းလိုက်ငှါးအိမ်၊ သို့မဟုတ် ကူလီအိမ်တန်းလျားတစုံတရာအတွက် မြေတွင် အဆောက်အဦများကို ဆောက်လုပ်ထားရန်သော်၎င်း၊ အသုံးပြုရန်သော်၎င်း၊ ခရိုင်ဝန်သဘောတူချက် အမိန့်စာကိုရရှိလျှင် ဆိုခဲ့သည့်အရပ်ရပ်ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များကိုလိုက်နာခြင်း၊ တိုးတက်သည့် အခွန်ငွေကို ဆိုခဲ့သည့် နေ့ရက်များတွင် ထမ်းဆောင်ခြင်းများကို၊ ယခုစာချုပ်တွင် ပြဋ္ဌာန်းလျက် ပါဘိသကဲ့သို့ လိုက်နာပြုလုပ်ရမည်။

၆။ ။၎င်းကဲ့သို့သော သဘောတူချက်အမိန့်စာကို တင်ရင်မရရှိဘဲ စာချုပ်ပါမြေကိုခွဲခြားခြင်း မပြုမလုပ်ရသည့်ပြင်၊ ၎င်းမြေတစိတ်တဒေသကို လွှဲပြောင်းခြင်း၊ တဆင့်ငှါးရမ်းခြင်း၊ လက်လွှတ်ခြင်းများ မပြုမလုပ်ရ။

၇။ ။ဆိုခဲ့သည့်မြေအားလုံးကို ရီဇစ္စတြီမှတ်ပုံတင်ပြီး စာချုပ်စာတမ်းဖြင့်လွှဲပြောင်းခြင်းမှတပါး အခြားနည်းလွှဲပြောင်းခြင်း ဖြင့်သော်၎င်း၊ အမွေဆက်ခံခြင်းဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ဆက်ခံပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်းသည့် အရပ်ရပ်လွှဲပြောင်းချက်များကို၊ သည်ကဲ့သို့ လွှဲပြောင်းဆက်ခံသည်မှ၊ ပြက္ခဒိန်လ တလအတွင်း ဆိုခဲ့သည့် ခရိုင်ဝန်ထားရှိသည့် မှတ်ပုံစာရင်းစာအုပ်တွင် စာရင်းတင်မှတ်ရမည်။ ၎င်းလွှဲပြောင်းချက်များကို မှတ်ပုံစာရင်း မတင်မမှတ်နိုင်လောက်အောင် အကြောင်းတစုံတရာမရှိဘဲ အငှါးရသူက စာရင်းမတင်မမှတ် ပျက်ကွက်လျှင် ခရိုင်ဝန်က ၎င်းသူအပေါ်တွင် သည်ကဲ့သို့ပျက်ကွက်မှုတကြိမ်လျှင် ၁၀၀ိ ထိ ငွေဒဏ်၊ ဆက်လက်ပျက်ကွက်ပြန်လျှင်လည်း၊ ပျက်ကွက်သမျှကာလအတွင်း တလလျှင် ၅ိ ထက်မပိုသည့် ငွေဒဏ်များကို ထပ်မံစီရင်စေမည်။ ၎င်းဒဏ်ငွေကို၊ ၎င်းမြေတွင် အခွန်မပြေ ကျန်ငွေကဲ့သို့ ခရိုင်ဝန်က အရတောင်းခံခွင့်ရသည်။

၈။ ။ယခုစာချုပ်နှင့်စပ်လျဉ်းသည့် ကိစ္စတစုံတရာအတွက်၊ ခရိုင်ဝန်နှင့် ၎င်းအမိန့်အရ ဆောင်ရွက်သူ အရာရှိတို့အား ဆိုခဲ့သည့် ကာလအပိုင်းအခြားအတွင်း နေ့အခါသင့်လျော်သည့်အချိန်တွင်၊ ၎င်းမြေ၊ သို့မဟုတ် အဆောက်အဦများသို့ ချဉ်းနင်းဝင်ရောက်နိုင်ခွင့် ရှိစေရမည်။

၉။ ။ယခုစာချုပ်ပါမြေကို အငှါးချထားသည့် ကာလအပိုင်းအခြားစေ့ကုန်သည့်အခါ မြေတွင် တည်ရှိသည့် ဇရပ်၊ ထားဝခအဆောက်အဦများကိုချန်လှပ်၍ တစုံတရာခုခံပြောဆိုခြင်းမရှိဘဲ အငှါးချသူသို့ ပြန်အပ်ရမည်။

၁၀။ ။ဆိုခဲ့သည့်အခွန်ငွေအားလုံး၊ သို့မဟုတ် အချို့အဝက်မှာမပြေမကျေရှိနေ၍ ၎င်းငွေကိုတောင်းခံ
သည်ဖြစ်စေ၊ မတောင်းမခံသည်ဖြစ်စေ၊ ထမ်းဆောင်သင့် နေ့ရက် ကုန်လွန်သည့်နောက် ပြက္ခဒိန်လ တလတိုင်
မထမ်းမဆောင်ကြန့်ကြာလျှင်သော်၎င်း၊အငှါးရသူကစာချုပ်ပါခံဝန်ချက်အတိုင်းမတည်ပျက်ကွက်လျှင်သော်၎င်း
အထက်က ပျက်ကွက်သည့်အရာ လွှတ်ငြိမ်းချမ်းသာစေခွင့်၊ မြေကိုပြန်၍ သိမ်းယူခြင်းမှ လွှတ်ငြိမ်းချမ်းသာစေခွ
မည်သို့ပင်ပြုသော်လည်း ဆိုခဲ့သည့်ခရိုင်ဝန်က၊ ယခုစာချုပ်ကို ချက်ချင်း ဖျက်သိမ်းမြေနှင့်တကွ မြေတွင်တည်ရှိသည့
ဇင်္ဂမ၊ ထာဝရအဆောက်အဦများကို ပြန်၍သိမ်းယူခွင့်ရသည်။

အငှါးချသူက အငှါးရသူအား ခံဝန်ချုပ်ဆိုသည်မှာ—

၁၁။ ။ယခုစာချုပ်ကို အပိုဒ် ၁၀ အရ တင်ရင်ဖျက်သိမ်းပြီး မဟုတ်လျှင်သော်၎င်း၊ ယခုစာချုပ်ပ
ကာလအပိုင်းအခြား စေ့ကုန်သည့်တိုင် အငှါးရသူက ထမ်းဆောင်သင့်အခွန်များ ထမ်းဆောင်သည့်ပြင် စာချုပ်ပ
ခံဝန်ချက်အတိုင်း ပျက်ကွက်ခြင်းမရှိ လိုက်နာလျှင်သော်၎င်း၊ ၎င်းမြေတွင်ရှိ ဆောက်လုပ်ထားသည့် အိမ်စသေ
ဇင်္ဂမ၊ ထာဝရအဆောက်အဦများကို အငှါးရသူက စာချုပ်ပါကာလအပိုင်းအခြား စေ့ကုန်သည့်အခါ ရောင်း
ရွှေ့ပြောင်း ဆောင်ယူခွင့်ရသည်။ သို့ရွှေ့ပြောင်း ရောင်းချဆောင်ယူရာ မြေမျက်နှာပြင် ပျက်စီးယိုယွင်းခြင်းရှိသ
များကို အငှါးရသူက ကောင်းမွန်အောင် ပြုပြင်ရမည်။

၁၂။ ။အငှါးရသူက ဆိုခဲ့သည့်မြေကို စာချုပ်ပါကာလအပိုင်းအခြား စေ့ကုန်သည်မှ ရှေ့သို့ နှစ်ပေါင်
၃၀ စာချုပ်အသစ်လဲလှယ် ချုပ်ဆိုငှါးရမ်းလိုကြောင်းနှင့် စာချုပ်ပါကာလအပိုင်းအခြားကုန်မီ ပြက္ခဒိန်လ ၃
တင်ရင်၍ အငှါးချသူထံ လျှောက်လွှာ တင်သွင်းသည့်အခါ စာချုပ်ပါကာလအပိုင်းအခြား စေ့ကုန်သည့်တိ
ထမ်းဆောင်သင့် အခွန်များ ပြေကြေအောင် ထမ်းဆောင်သည့်ပြင်၊ စာချုပ်ပါအရပ်ရပ်ခံဝန်ချက်၊ စည်းကမ်
အချက်များကိုလည်း ပျက်ကွက်ခြင်းမရှိလိုက်နာလျှင်၊ အငှါးရသူ လျှောက်ထားချက်အရ အငှါးစာချုပ် မူရင်း
တစောင်ကို အငှါးရသူက ကုန်ကျစရိတ်များကျခံရေးသား လက်မှတ်ရေးထိုး၍ အငှါးချသူသို့ ပေးအပ်ကာ
စာချုပ်ပါမြေကို အငှါးချသူသတ်မှတ်သည့် အခွန်နှုန်းနှင့်အလားတူခံဝန်ချက် ပြဋ္ဌာန်းချက်များ၊ သို့မဟုတ် ၎င်း
အနက် တည်ဆဲတည်လတ္တံ့ ခံဝန်ချက် ပြဋ္ဌာန်းချက်များနှင့်အညီ နှစ်ပေါင်း ၃၀ ထပ်မံအငှါးချထားရန် အင
စာချုပ်သစ်တစောင်ကို လက်မှတ်ရေးထိုး၍ အငှါးရသူသို့ပေးအပ်ရမည်။ သို့သော်လည်း တတိယအကြိမ်နှစ်ပေါ
၃၀ ထပ်မံချထားရန် အငှါးစာချုပ်မှာ စာချုပ်အသစ် လဲလှယ်ရန်အတွက် ဤယခုခံဝန်ချက် မပါမရှိစေရ။

၁၃။ ။ယခုစာချုပ်ပါ ကာလအပိုင်းအခြား စေ့ကုန်သည့်နောက် အပိုဒ် ၁၂ အရ အငှါးရသူသို့ စာချ
အသစ်ချုပ်ဆို ထပ်မံပေးအပ်ခြင်းမရှိလျှင် ပြက္ခဒိန်လတလ တင်ရင်ဆင့်စာချအပ်၍ ၎င်းမြေရှိ အိမ် စသည် ဇင်
ထာဝရအဆောက်အဦများကို အငှါးချသူ၊ ၎င်းရာထူးတွင်ဆက်ခံသူ၊ လွှဲအပ်ခံသူတို့က ဝယ်ယူခွင့်ရသည်။ ၎
အဆောက်အဦ တန်ဘိုးနှင့်စပ်လျဉ်း၍ အငြင်းအခုံရှိခဲ့လျှင် ၎င်းတန်ဘိုးကို အမှန်အတိုင်းကျအောင် ဆိုင်ရာခ
အလုပ်ဝန်က ဆုံးဖြတ်ရမည်။ သည်ကဲ့သို့ ဆုံးဖြတ်ချက်မှာလည်း ဆုံးခန်းတိုင် ရောက်စေရမည့်ပြင် အငှါးရသ
တည်ငြိမ် နာခံရမည်ဆို၍၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ကိုယ်စားအဖြစ်ထမ်းရွက်သူ

နှင့်

တို့ သဘောတူစာချုပ် ချုပ်

လက်မှတ်ရေးထိုးကြသည်။

အထက်ကရည်ညွှန်းရာပါစာရင်း

မြို့၊ ရပ်တွင် တည်ရှိသည့် အကွ

အမှတ် အတွင်း၊ မြေကွက်အမှတ် ခေါ်၊ အောက်တွင်နယ်နိမိတ်သတ်မှတ်ရာပါ

ခန့်ရှိ ပူးတွဲပါနယ်ပုံတွင် အနီရောင်နှင့် ရေးသားပြသည့်မြေ။

မြောက်အလား...

မြေစာရင်းပုံစံ - ၁၀၅

2016- 052836


မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သောလက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

DALMS

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း ၁၅၀ကျပ် K 150

[illegible] ၁လကျ = ၆၀ ၅၀

တိုင်းဒေသကြီး / ပြည်နယ် မွန်	
ခရိုင် မော်လမြိုင်	
မြို့နယ် / မြို့နယ်ခွဲ မော်လမြိုင်	
ရပ်ကွက် / ကျေးရွာအုပ်စု ပန်းဘဲတန်း	
ကွင်း / အကွက်အမှတ်နှင့်အမည် ၅၈ / ပန်းဘဲတန်း	
ဦးပိုင်အမှတ် / မြေကွက်အမှတ် ၂၆၁/ဈ	



ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ / ပိုင်ရှင် / ဂရန်ရှင် / အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၂၆၁/ဈ	ဦးနေဝင်း	ဘိုးဘွား	[illegible]	၀.၀၃၀	F2549 D/22 10/85

ရေးကူးပေးသည့်အကြောင်းအရာ	[illegible]

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၁.၁၂.၂၀၁၆

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ - ၂၇.၁၂.၂၀၁၆

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၆) ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း / မြေတိုင်းစာရေးလက်မှတ် -

နေ့စွဲ - 26.12.2016

တိုက်ရိုက်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ -

ရုံးတံဆိပ်

မော်လမြိုင်မြို့

ဦးစီးအရာရှိ

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

စိစစ်အတည်ပြုပါသည်။ [illegible]

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးလက်မှတ်

ဒု-ဦးစီးမှူး

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

မော်လမြိုင်မြို့

ဦးပိုင်တစ်ခုချင်းရာဇဝင်

မြေစာရင်းပုံစံ (၁၀၆)

ခရိုင်- မော်လမြိုင်　　မြို့နယ် - မော်လမြိုင်　　မြေတိုင်းစာရေးအုပ်စု - ၄ / ခမောင်ဝ　　ကွင်း/အကွက်အမှတ်နှင့်အမည်- ၅၇ / [illegible]

(Stamp: မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန / ရုံးတံဆိပ် / မော်လမြိုင်မြို့)

ခုနှစ်	ဦးပိုင်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် /ဂရန်ရှင်အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	အခွန်တော် သင့်ငွေ (ခိုင်ကြေး အပါအဝင်)ကျပ်	မည်ကဲ့သို့ပြောင်းလဲသည့်ညွှန်ပြချက်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉
၁၉၅၄.	၂၆၁.	ဦးဖေသင် ဦးရီ.ခေါင်ဝေါ်ညွှာ	ဘိုးဘွား	မြို့မြေ.	၀.၅၁၈.	A. ၂၄/.	F. 2549 D/ 22.10/85 Y, to Y. 364. D/18 8/00.	
		မအောင်ကြိုင်					(M) RD NO. 487/1953 အရ.	
၁၉၉၆.	၂၆၁/က	(" ")	"	"	၀.၆၄၄.	"	ဦးပိုင်ခွဲ၍လျော့	
၂၀၀၀.	၂၆၁/က	(" ")	"	"	၀.၅၈၈.	"	ဦးပိုင်ခွဲ၍လျော့	
၂၀၀၅.	၂၆၁/က	(" ")	"	"	၀.၄၂၈.	—	ဦးပိုင်ခွဲ၍လျော့	
၂၀၀၅.	၂၆၁/က	(" ")	"	"	၀.၃၉၆.	—	ဦးပိုင်ခွဲ၍လျော့	
၂၀၁၅.	၂၆၁/ဈ	(" ")	"	"	၀.၀၃၀.	—	မြို့.မြေရုံး၏ ခွင့်ပြုမိန့်စာမူတွဲ အမှတ်. ၃၅/၀၀၁(၁၄ - ၁၅)	
၂၀၁၅.	၂၆၁/ဈ	ဦးနေဝင်း	ဘိုးဘွား	မြို့မြေ.	၀.၀၃၀.	—	အရ ဦးပိုင်ခွဲ / ခရိုင်မြေရုံး၏ ၁၅.၅.၂၀၁၅ ရက်စွဲပါစာအမှတ် ၇၅/	
							မ၈၁.၁ ရုံး အမိန့် ၁၂/၂၀၁၅.၂၀၁၆ အရ အမည်ပြောင်း	

(Revenue stamp: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် / ရုံးခွန်တံဆိပ်ခေါင်း / ၁၅၀ ကျပ် / K 150)

လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၀.၁၂.၂၀၁၆

လျှောက်သူသို့လက်ခံပေးအပ်သည့်နေ့စွဲ - ၂၇.၁၂.၂၀၁၆

ရေးကူးပေးသည့်အကြောင်းအရာ - [illegible]

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊

အထက်ပါ ရေးကူးဖော်ပြသောအကြောင်းအရာတို့မှ ၂၀၁၆. ခုနှစ်အတွက် နှစ်စဉ်နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့်မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံ ရေးကူးကြောင်း တိုက်ဆိုင်စစ်ဆေးပြီးပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် - 26.12.2016

နေ့စွဲ - ၂၆.၁၂.၂၀၁၆

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ - ၂၆.၁၂.၂၀၁၆

ဒု-ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်မြို့

မြေစာရင်းပုံစံ-၁၀၅


2016-052890

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သောလက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

DALMS

ဧကား ၁လ ကွ ၈ ပေ ၅၀

ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်

တိုင်းဒေသကြီး / ပြည်နယ် ဧရာ.	
ခရိုင် ဖျာပုံ	
မြို့နယ် / မြို့နယ်ခွဲ ဖျာပုံ	
ရပ်ကွက် / ကျေးရွာအုပ်စု ပန်းဘဲတန်း	
ကွင်း / အကွက်အမှတ်နှင့်အမည် ၅၈ / ပန်းဘဲတန်း	
ဦးပိုင်အမှတ် / မြေကွက်အမှတ် ၂၆၁/င	

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ / ပိုင်ရှင် / ဂရန်ရှင် / အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၂၆၁/င	ဦးနေဝင်း	ဘိုးဘွား	မြို့မြေ	၀.၁၄၂	F.2549 (D)/22 10/85

ရေးကူးပေးသည့်အကြောင်းအရာ	ဘဏ်ချေးငွေ အာမခံအဖြစ်ထားရန်

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၁.၁၂.၂၀၁၆

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ - ၂၇.၁၂.၂၀၁၆

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၆)ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း / မြေတိုင်းစာရေးလက်မှတ် -

နေ့စွဲ - 26.12.2016

ကိုက်ညီစစ်ဆေးပြီး မှန်ကန်ပါသည်။ ၂၆.၁၂.၂၀၁၆

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ - ၂၆.၁၂.၂၀၁၆

ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ဖျာပုံမြို့နယ်

စိစစ်အတည်ပြုပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးလက်မှတ်


နေ့စွဲ -

ဦးပိုင်တစ်ခု၏ရာဇဝင်

မြေစာရင်းပုံစံ (၁၀၆)

ခရိုင်- မော်လမြိုင်　　မြို့နယ် - မော်လမြိုင်　　မြေတိုင်းစာရေးအုပ်စု - ၄/ ရေအောင်　　ကွင်း/အကွက်အမှတ်နှင့်အမည် - ၅၇ / ပနိုးဘဲ့ရွာ

ခုနှစ်	ဦးပိုင်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် /ဂရန်ရှင်အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧ)	အခွန်တော် သင့်ငွေ (ခိုင်ကြေး အပါအဝင်)ကျပ်	မည်ကဲ့သို့ပြောင်းလွှဲသည်ညွှန်ပြချက်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉
၁၉၅၄	၂၆၁.	ဦးဖေသင်, ဦးရီ, ဒေါ်ငေါ်ညွာ.	ဘိုးဘွား	မြို့မြေ.	၀.၇၁၈.	A.၂၄/.	F.2549-D/22 10/85 Y to Y-364 D/18 8/00	
		မအောင်ကြီး					(M) RDNO 487/1953 အရ.	
၁၉၉၆.	၂၆၁/က	(။ ။)	။	။	၀.၄၄၄.	။	ဦးပိုင်ခွဲ၍လျော့.	
၂၀၀၀.	၂၆၁/က	(။ ။)	။	။	၀.၅၈၈.	။	ဦးပိုင်ခွဲ၍လျော့.	
၂၀၀၅.	၂၆၁/င	ဦးဖေသင် ဦးရီ ဒေါ်ငေါ်ညွာ	။	။	၀.၁၄၂	–	ခရိုင်အေး ချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၄/၀၅ ရက်စွဲ	
		မအောင်ကြီး					ပါစာအမှတ် ၁၀၀၁/၁-၁၅ / ၁၀၁၈ (ခလမ) အရ ခွဲ.	
၂၀၀၆.	၂၆၁/င	ဦးနေဝင်း	ဘိုးဘွား	မြို့မြေ.	၀.၁၄၂.	–	မြို့မြေပြုနယ်ဦး ၃ ၂/၀၆ ရက်စွဲပါစာအမှတ် ၆၁၇/အယ ၁၅ ပြောင်း	
							(၁၅-၀၆) နှင့် အမှုတွဲအမှတ် ၁၂၇/မအ.၃ (၁၅-၀၆)	
							အရပြောင်း.	



လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၁.၁၂.၂၀၁၆.

လျှောက်သူသို့လက်ခံပေးအပ်သည့်နေ့စွဲ - ၂၇.၁၂.၂၀၁၆.

ရေးကူးပေးသည့်အကြောင်းအရာ - အရောင်း အဝယ် စာချုပ်ရန်.

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊မော်လမြိုင်မြို့၊

အထက်ပါ ရေးကူးဖော်ပြသောအကြောင်းအရာတို့မှ ၂၀၁၆ ခုနှစ်အတွက် နှစ်စဉ်နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့်မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံ ရေးကူးကြောင်း သက်သေခံပါသည်။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် - 26.12.2016

နေ့စွဲ -

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။ ၂၆.၁၂.၂၀၁၆

လက်ထောက်ဦးစီးမှူးလက်မှတ် - ၂၆.၁၂.၂၀၁၆

နေ့စွဲ -

မြေစာရင်းပုံစံ - ၁၀၅

2016-052838

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သောလက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

DALMS

N S

၈၈ဧ : ၁လက္ခ = လေ ၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း ၁၅၀ကျပ် K 150

တိုင်းဒေသကြီး / ပြည်နယ် ရှမ်း	
ခရိုင် တောင်ကြီး	
မြို့နယ် / မြို့နယ်ခွဲ တောင်ကြီး	
ရပ်ကွက် / ကျေးရွာအုပ်စု ပန်းဘဲတန်း	
ကွင်း / အကွက်အမှတ်နှင့်အမည် ၅၈ / ပန်းဘဲတန်း	
ဦးပိုင်အမှတ် / မြေကွက်အမှတ် ၃၀၃/ခ	

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ / ပိုင်ရှင် / ဂရန်ရှင် / အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၃၀၃/ခ	ဦးနေဝင်း	ဘိုးဘွား	မြို့မြေ	၀.၃၇၈	ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ အမိန့်အမှတ် ၈/၆၀/၂၀၀၅.၀၄ အရ ဘိုးဘွား(၃၀)နှစ်ဂရန် ရရှိပြီး

ရေးကူးပေးသည့်အကြောင်းအရာ	ဘဏ်ချေးငွေ ရယူရန်

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၁.၁၂.၂၀၁၆

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ - ၂၇.၁၂.၂၀၁၆

[illegible]

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၆ ၊)ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံမြေကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုထမ်းတိုင်း / မြေတိုင်းစာရေးလက်မှတ် - [illegible]

နေ့စွဲ - ၂၆.၁၂.၂၀၁၆

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။ ၂၆.၁၂.၂၀၁၆

လက်ထောက်ဦးစီးမှူးလက်မှတ် - [illegible]


နေ့စွဲ - ၂၆.၁၂.၂၀၁၆

ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
တောင်ကြီး ခရိုင်/တောင်ကြီးမြို့

စိစစ်အတည်ပြုပါသည်။
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးလက်မှတ်

ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
တောင်ကြီးမြို့

ရုံးတံဆိပ်


A

၄၉

ဦးပိုင်တစ်ခု၏ရာဇဝင်

မြေစာရင်းပုံစံ (၁၀၆)

ခရိုင်- မော်လမြိုင်   မြို့နယ် - မော်လမြိုင် မြို့မြေစာရေးအုပ်စု ၄/ရေဆာင် ... ကွင်း/အကွက်အမှတ်နှင့်အမည် ၅၈/ ...

ရုံးတံဆိပ်

ခုနှစ်	ဦးပိုင်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် /ဂရန်ရှင်အငှားဂရန်ရှင်	မြေပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	အခွန်တော် သင့်ငွေ (ခိုင်ကြေး အပါအဝင်)ကျပ်	မည်ကဲ့သို့ပြောင်းလွဲသည့်ညွှန်ပြချက်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉
၁၉၃၃.	၃၀၃.	အစိုးရမြေလွတ်	အစိုးရ	မြို့မြေ	၀.၅၅၀.	—	—	
၁၉၅၃.	၃၀၃/၁	(”)	”	”	၀.၄၆၀.	—	—	
၂၀၀၆.	၃၀၃/၁	ဦးနေဝင်း	ဂရန်	မြို့မြေ	၀.၁၅၈.	၁၄၅ ...	ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ အမိန့်အမှတ် V ၉၀/၂၀၀၅-၀၆. အရ အနှစ် (၃၀) ဂရန်ချထားပေး	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း ၁၅၀ကျပ် K 150

လျှောက်ထားသူအမည် - ဦးနေဝင်း

လျှောက်လွှာတင်သည့်နေ့စွဲ - ၂၁-၁၂-၂၀၁၆

လျှောက်သူသို့လက်ခံပေးအပ်သည့်နေ့စွဲ -၂၇.၁၂.၂၀၁၆

ရေးကူးပေးသည့်အကြောင်းအရာ - ...

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

ဦးစီးအရာရှိ
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊မော်လမြိုင်မြို့

အထက်ပါ ရေးကူးဖော်ပြသောအကြောင်းအရာတို့မှ ၂၀၁၆ . ခုနှစ်အတွက် နှစ်စဉ်နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံနှင့်မှတ်ပုံတင်စာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံ ရေးကူးကြောင်း သက်သေခံပါသည်။

အမှုထမ်းထိန်း/မြေတိုင်းစာရေးလက်မှတ် -

နေ့စွဲ - 26.12.2016

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် - ၂၆.၁၂.၂၀၁၆

နေ့စွဲ -

၂၆.၁၂.၂၀၁၆

ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်မြို့

SM MAWLAMYAING HOTEL LIMITED

Local Employees

All mentioned salaries are in Myanmar Kyats.

Sr.	Position	No. of Staff			Salary / Month (MMK)			Salary / Year (MMK)		
		Year (1)	Year (2)	Year (3) to Year (50)	Year (1)	Year (2)	Year (3) to Year (50)	Year (1)	Year (2)	Year (3) to Year (50)
1	Management other than Senior Management	7	7	7	500,000	500,000	500,000	500,000	500,000	500,000
2	Technical Experts	4	4	4	150,000-500,000	150,000-500,000	150,000-500,000	150,000-500,000	150,000-500,000	150,000-500,000
3	Skilled Staff	22	22	22	200,000-500,000	200,000-500,000	200,000-500,000	200,000-500,000	200,000-500,000	200,000-500,000
4	Basic Staff	43	43	43	150,000-250,000	150,000-250,000	150,000-250,000	150,000-250,000	150,000-250,000	150,000-250,000
Total employees		76	76	76						

SM MAWLAMYAING HOTEL LIMITED

Foreign Employees

All mentioned salaries are in Myanmar Kyats.

Sr.	Position	No. of Staff			Salary / Month (MMK)			Salary / Year (MMK)		
		Year (1)	Year (2)	Year (3) to Year (50)	Year (1)	Year (2)	Year (3) to Year (50)	Year (1)	Year (2)	Year (3) to Year (50)
1	Senior Management (High-level officials, managers)	1	1	1	5,500,500	5,500,500	5,500,500	66,006,000	66,006,000	66,006,000
Total employees		1	1	1						

SM MAWLAMYAING HOTEL LIMITED

Income Statement (Hotel)

Sr.	Particulars	No. of Room			Room Rate					Room Occupancy		
	HOTEL	Year (1)	Year (2)	Year (3) to Year (50)	Year (1)-MMK	Year (1)-USD	Year (2)-MMK	Year (2)-USD	Year (3)-MMK/ USD to Year (50) MMK/ USD	Year (1) %	Year (2) %	Year (3) to Year (50) %
1	Deluxe	57	57	57	87'750	65	101'250	75	85/114'750	49	52	69
2	Superior	15	15	15	101'250	75	114'750	85	95/128'250	49	52	69
3	Food and beverages											
4	Vehicle rental											
5	Income from other services											
6	Laundry & Others											
Total												

Exchange Rate : 1350


SM MAWLAMYAING HOTEL LIMITED

Investment Plan

Construction Period- 1 Year

Sr.	**Particulars**	**Originally Proposed**	**Contributions**				
		US$	Year (1)	Year (2)	Year (3)	Year (4)	Year (5) to (50) Year
1	Cash	750,000	750'000				
2	Machines and equipment	62,776	62'776				
3	Construction materials	3,385,224	3,385,224				
4	Vehicles/machinery	200'000	200'000				
5	Land	750,000	750'000				
6	Buildings	1'000'000	1'000'000				
7	Furniture and office equipment	1,300,000	1'300'000				
8	Shares, stocks, debentures	0	0				
9	Intellectual property rights including technical know-how, patents, industrial designs, trademarks	1,120,000	1'120'000				
10	Other	432,000	432'000				
Total		9,000,000	9'000'000				

1a



備註 / OBSERVATIONS

1

KJ0435450

中華人民共和國香港特別行政區
HONG KONG SPECIAL ADMINISTRATIVE REGION, PEOPLE'S REPUBLIC OF CHINA

護照 PASSPORT

類別 / TYPE P

簽發國代碼 / CODE OF ISSUING STATE CHN

護照號碼 / PASSPORT NO. KJ0435450

姓 / SURNAME 瞿 / CHU

名 / GIVEN NAMES 世文 / SVEN STEVE

國籍 / NATIONALITY CHINESE

性別 / SEX M

出生日期 / DATE OF BIRTH 03 APR 51

出生地點 / PLACE OF BIRTH USA

簽發日期 / DATE OF ISSUE 15 MAY 15


有效期至 / DATE OF EXPIRY 15 MAY 25

簽發機關 / AUTHORITY 香港特別行政區入境事務處 IMMIGRATION DEPARTMENT, HONG KONG SPECIAL ADMINISTRATIVE REGION

HKPIC XD8170776

P<CHNCHU<<SVEN<STEVE<<<<<<<<<<<<<<<<<<<<<<<<<<<<

KJ04354502CHN5104039M2505152XD8170776<<<<<22



港澳居民来往内地通行证

瞿世文

CHU, SVEN STEVE

出生日期 1951.04.03

性别 男

有效期限 2015.06.05-2025.06.04

签发机关 公安部出入境管理局

证件号码 H60261598

换证次数 00

THIS CARD IS INTENDED FOR ITS HOLDER TO TRAVEL TO THE MAINLAND OF CHINA

Account Statement

YOMA BANK
The Responsible Bank

Statement Date	03-Jan-18
Statement Period	01-Dec-17 to 01-Jan-18
Page	Page 1 of 1
Branch	International Banking
Branch Code	00000666
Contact Details	
Tel	09450053420

SM Mawlamyaing Hotel Ltd
405FC/17-18
No.(380), FMI Centre, Level (10 & 11) Floor, Bog
Pabedan Tsp, Yangon, Myanmar
01240363

Account No	066643352000593
Account Description	Current Corporate -Customer
Currency	USD

POSTING DATE	DETAILS	CHANNEL ID	VALUE DATE	DEBIT	CREDIT	BOOK BALANCE
01-Dec-17	Brought forward Balance					250,099.67 CR
Dec/17	Domestic Payment OnUs Account	BranchTelle		250,000.00		99.67 CR
28/Dec/17	Domestic Payment OnUs Account	BranchTelle		2.00		97.67 CR
	TOTAL VALUE			250,002.00		
	CLEAR BALANCE AS ON 03-Jan-18					97.67 CR

End of Statement

5/1/18

Manager
Yoma Bank Ltd.
(IBD)

Kindly examine this statement immediately. Any discrepancies must be reported to the Bank as soon as possible. Please note that the balance reflected could change if there are transactions that still need to be processed.

YOMA BANK
The Responsible Bank.

SM Mawlamyaing Hotel Ltd

405FC/17-18,No.(380), FMI Centre, Level (10 & 11) Floor,
Bogyoke Aung San Road,Pabedan Tsp. Yangon, Myanmar,Postal
Code-11141,01240363

Date Between 01-December-2017 and 31-December-2017

STATEMENT OF ACCOUNT
ငွေစာရင်းရှင်းတမ်း

Branch: ဘဏ်ခွဲအမည် Yangon (Main)

ACCOUNT NUMBER စာရင်းနံပါတ်

000110212000456

DATE ရက်စွဲ	DETAILS အသေးစိတ်	WITHDRAWALS ငွေထုတ်	DEPOSITS ငွေသွင်း	BALANCE IN KYATS (OVERDRAFT = DR) လက်ကျန်စာရင်း
2017-12-01	Opening Balance			6,875.00
			NET BALANCE အသားတင်လက်ကျန်	

